# ကုလသမဂ္ဂအထူးသံအရာရှိ မစ္စတာဂမ်ဘာရီမှတဆင့်ထုတ်ပြန်သော ဒေါ်အောင်ဆန်းစုကြည်၏ ကြေညာချက်နှင့် (၁)ပြည်ထောင်စုပအိုဝ်အမျိုးသားအဖွဲ့ချုပ်(ပအမဖ)နှင့်(၂)ပအိုဝ်အမျိုးသားအဖွဲ့ချုပ် **(P.N.O)** တို့၏ ၁၃-၁၁-၀၇ နေ့စွဲပါ ထုတ်ပြန်ကြေညာချက်များနှင့်ပတ်သက်၍ သဘောထား ထုတ်ပြန်ကြေညာချက်။

ဒေါ်အောင်ဆန်းစုကြည်၏ထုတ်ပြန်ကြေညာချက်တွင် ``စစ်မှန်သောတွေ့ဆုံဆွေးနွေးပွဲများဖြစ် မြောက်လာသော အချိန်တွင်၊ သူမ၏ပါတီ (N.L.D)၏မူဝါဒများနှင့်အကျိုးစီးပွါးတို့၏လမ်းညွှန်မှုကို ခံယူဆောင်ရွက်သွားမည့် အပြင်အခြားသောနိုင်ငံရေးပါတီများ၊ အထူးသဖြင့်တိုင်းရင်းသားလူမျိုးစုများ၏ပါတီများအမြင်များကိုလည်းထည့်သွင်းစဉ်းစားသွားမည်`` ဟုဖေါ်ပြထားသည်ကိုတွေ့ရပါသည်။ ထိုကြေညာချက်တွင်ကျွန်ုပ်တို့တိုင်းရင်းသားလူမျိုးစုများ၏အရေးကို ဦးစားပေးဖေါ်ပြထားသည်ကိုတွေ့ရ၍၊ ကျွန်တော်သည် (၁) ရှမ်းပြည်တိုင်းရင်းသားလူမျိုးစုများဒီမိုကရေစီအဖွဲ့ချုပ် (ရတဒဖ) (မှတ်ပုံတင်ဖျက်သိမ်းခံရပြီး)၏ ဥက္ကဋ္ဌ(ဟောင်း)တစ်ယောက်အနေဖြင့်လည်းကောင်း၊ (၂)ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဒီမိုကရေစီအဖွဲ့ချုပ် ( U.N.L.D) (မှတ်ပုံတင်ဖျက်သိမ်းခံရပြီး)၏ သဘာပတိအဖွဲ့ဝင်(ဟောင်း)တစ်ယောက်အနေဖြင့်လည်းကောင်း တာဝန်ရှိသည်အားလျော်စွာ၍သဘောထားကြေညာချက်ကိုထုတ်ပြန်ကြေညာပါသည်။

## ( က ) ဒေါ်အောင်ဆန်းစုကြည်၏ကြေညာချက်နှင့်ပတ်သက်၍- - -

N.L.D နှင့် ရတဒဖ တို့သည် ၁၉၈၉-ခုနှစ်၊ နိုင်ငံရေးပါတီများဖွဲ့စည်းမှတ်ပုံတင်စအချိန်တွင် သဘောတူညီခဲ့ချက်အရမဟာမိတ်များဖြစ်ခဲ့ကြပါသည်။ ရွေးကောက်ပွဲပြီးကာလတွင်ဒေါ်အောင်ဆန်းစုကြည်နှင့် ကျွန်တော်တို့၏ဆွေးနွေးချက်များအရမဟာမိတ်မဟုတ်တော့သည့်တိုင်အောင် မိတ်ဆွေအဖြစ်ဆက်လက်ပေါင်းသင်းလာခဲ့ကြသည်မှာ ယနေ့တိုင်ဖြစ်ပါသည်။

U.N.L.D နှင့်N.L.D တို့သည် ၁၉၉၀-ပြည့်နှစ်၊ ဩဂုတ်လ (၂၉) ရက်နေ့ကဗိုလ်အောင်ကျော်လမ်း ကြေညာချက်အရလည်းကောင်း၊ ၂၀၀၄-ခုနှစ်၊ ဖေဖေါ်ဝါရီလ၂၄ ရက်နေ့က U.N.L.Dအမှုဆောင်အဖွဲ့နှင့် N.L.Dအမှုဆောင်အဖွဲ့တို့၊ အဖွဲ့ဝင်ဦးသန်းထွန်း၏နေအိမ်တွေ့ဆုံဆွေးနွေးစဉ်ကထပ်မံအတည်ပြုကြေညာချက်အရလည်းကောင်း၊ ယနေ့တိုင်မဟာမိတ်များအဖြစ်ရပ်တည်လျက်ရှိကြပါသည်။

ထိုကြေညာချက်များသည်ရွေးကောက်ပွဲအနိုင်အရှုံးပေါ်တွင်အခြေခံသည်မဟုတ်ဘဲ၊ နိုင်ငံရေးပါတီများအကြားနိုင်ငံရေးလုပ်ငန်းစဉ်ပေါ်တွင်အခြေခံ၍ ကတိပြုကြေညာချက်များသာဖြစ်သည်ဟုလက်ခံနားလည်ပါသည်။

ထို့ကြောင့်သက်ဆိုင်အာဏာပိုင်များနှင့်ဆွေးနွေးခွင့်ရသည့်အချိန်တွင် အထက်ပါအခြေအနေများအတိုင်းမိတ်ဆွေအဖြစ်လည်းကောင်း၊ မဟာမိတ်အဖြစ်လည်းကောင်းဆက်ဆံခွင့်ရရှိလိမ့်မည်ဟုမျှော်လင့်နေပါကြောင်းကြိုတင်သတိပေးဖေါ်ပြအပ်ပါသည်။

## ( ခ ) ပအိုဝ့်အမျိုးသားအဖွဲ့ချုပ်(ပအမဖ)နှင့် PNO တို့၏ကြေညာချက်များနှင့်ပတ်သက်၍။

### (၁)(ဂပလ)နှင့်(ပအိုဝ့်လိုင်ဗူ)အဖွဲ့တို့၏ရင်းနှီးသောဆက်ဆံခဲ့မှုသမိုင်း။

(ပအမဖ) နှင့် PNO နှစ်ဖွဲ့မှာ အနှစ်သာရအားဖြင့်တစ်ဖွဲ့တည်းပင်ဖြစ်သည်ဟုနားလည်မှုဖြင့် တပေါင်းတည်းစုပေါင်း၍အသိပေးလိုပါသည်။

(ပအမဖ)သည် ပအိုဝ့်လိုင်ဗူအဖွဲ့မှဆင်းသက်လာသောအဖွဲ့ဖြစ်၍၊ ကျွန်တော်တို့ (ရတဒဖ)သည်လည်း ရှမ်းပြည်ပြည်သူ့လွတ်လပ်ရေးအဖွဲ့ချုပ် (ဂပလ) မှဆင်းသက်လာသောအဖွဲ့ဖြစ်ပါသည်။ ၁၉၄၇-၁၉၄၉ အထိအချိန်ကာလက (ဂပလ) နှင့် ပအိုဝ့်လိုင်ဗူအဖွဲ့တို့သည်ပဒေသရာဇ်တိုက်ပွဲများတွင် ရဲဘော်ရဲဘက်များအဖြစ် ရင်းနှီးစွာပူးပေါင်းတိုက်ပွဲဝင်ခဲ့ကြသည်ကိုမှတ်မိနေကြဦးမည်ထင်ပါသည်။ ထိုစဉ်ကတိုက်ပွဲများတွင်အသက်ပေးလှူခဲ့ကြသောဦးအောင်သာ၊ ဦးဟိန်မောင်စသော ပအိုဝ့်ခေါင်းဆောင်များကိုလည်း ယနေ့တိုင်ဂုဏ်ပြုသတိရလျက်ရှိနေကြပါသည်။ ရဲဘော်တို့နှင့်ယနေ့တိုင်ရင်းနှီးစွာဆက်ဆံလျက်ရှိသောဦးစံအောင်သည်(ဂပလ)ခေါင်းဆောင်တစ်ဦးဖြစ်သလို၊ (ပအမဖ)၏ခေါင်းဆောင်တစ်ဦးဖြစ်ခဲ့သောဦးကျော်စိန်သည် (ရတဒဖ)၏နာယကလည်းဖြစ်သဖြင့်ယင်းရဲဘော်စိတ်ထားအရင်းခံဖြင့်၍ကြေညာချက်ကိုထုတ်ပြန်ပါသည်။

ရဲဘော်တို့၏ကြေညာချက်များတွင် ``ယခင်ဖွဲ့စည်းပုံအခြေခံဥပဒေများနှင့်နှိုင်းယှဉ်လျှင်တိုင်းရင်းသားများအတွက်အခွင့်အရေးများပိုမိုရရှိခဲ့သည်ဟု ပြည်ထောင်စုပအိုဝ်အမျိုးသားအဖွဲ့ချုပ်အနေဖြင့်လေးလေးနက်နက်ယုံကြည်ပါသည် `` ဟုဖေါ်ပြထားသည်ကိုတွေ့ရှိရပါသည်။ ထိုသို့ယုံကြည်ချက်ကိုပိုမိုလေးနက်စေလိုသောဆန္ဒဖြင့် အောက်ပါအတိုင်းဖြည့်စွက်တင်ပြခွင့်ပြုစေလိုပါသည်။

ရဲဘော်တို့၏ယုံကြည်ချက်သည်မှန်ကန်ကြောင်းကျွန်တော်တို့လည်းထောက်ခံပါသည်။ သို့သော်ပိုမိုရှင်းလင်းစွာသိရှိရန်လိုပါမည်။ ၁၉၄၇–ခုနှစ်ကအခြေခံဥပဒေရေးဆွဲကြစဉ်က(ရပလ)နှင့် ရဲဘော်တို့၏ပအိုဝ့်လိုင်ဗူအဖွဲ့တို့သည် မဟာမိတ်များဖြစ်ကြပါသည်။ အခြေခံဥပဒေရေးဆွဲသောတိုင်းပြည်ပြုလွှတ်တော်တွင် (ရပလ)ခေါင်းဆောင်များဖြစ်ကြသော ဦးတင်ဧ၊ ဦးထွန်းမြင့်(လင်းခေး)နှင့် ဦးထွန်းမြင့်(တောင်ကြီး)တို့ပါဝင်ခဲ့ကြပါသည်။ သို့သော်ထိုစဉ်က (ရပလ)ခေါင်းဆောင်များသည် နိုင်ငံရေးအတွေ့အကြုံနုနယ်သေး၍လည်းကောင်း၊ ဖဆပလ ခေါင်းဆောင်မှုကိုအကြွင်းမဲ့ယုံကြည်ခဲ့ကြသဖြင့်လည်းကောင်း၊ တစ်နှစ်အတွင်းလွတ်လပ်ရေးရရှိရန်အချိန်ကန့်သတ်ချက်ရှိသဖြင့် ဖုတ်ပူမီးတိုက်ဆောင်ရွက်ခဲ့ကြ၍လည်းကောင်း၊ ပြီးပြည့်စုံခြင်းမရှိဘဲချို့ယွင်းချက်များ၊ ဟာကွက်များပါဝင်လာခဲ့ရပါသည်။ ထို့ကြောင့်ရဲဘော်တို့ကဲ့သို့ ရှမ်းပြည်နေလူမျိုးစုတစ်ခုစီအတွက်မဆိုထားဘိ၊ ရဲဘော်တို့အပါအဝင်ရှမ်းပြည်နယ်တစ်ခုလုံး၏အရေးကိုပင် ပြည့်စုံစွာမဆောင်ရွက်နိုင်ခဲ့သည်မှာအမှန်ဖြစ်ပါသည်။ တန်းတူရည်တူပြည်ထောင်စုဖြစ်မလာဘဲ၊ မဟာဗမာပြည်ထောင်စုဖြစ်လာသဖြင့် ပြင်ဆင်ကြရန်ကြိုးပမ်းကြရာ ၁၉၆၂–ခုနှစ်တွင်စစ်တပ်ကအာဏာသိမ်းခြင်းကိုခံခဲ့ရပါသည်။ (ရပလ)ခေါင်းဆောင်ဖြစ်သော ဦးထွန်းမြင့်(တောင်ကြီး)သည်ထောင်ဒဏ်ရှစ်နှစ်ကျခံခဲ့ရပါသည်။

၁၉၇၄–ခုနှစ်အခြေခံဥပဒေရေးဆွဲစဉ်တွင် (ရပလ)ခေါင်းဆောင်ဟောင်းများဖြစ်သော ဦးတင်ဧနှင့်ဦးထွန်းမြင့်(လင်းခေး)တို့လည်းပါဝင်လာပြန်ပါသည်။ သို့သော်ထိုစဉ်ကအာဏာသိမ်းတပ်မတော်၏အရိပ်အာဝါသနှင့်လမ်းညွှန်မှုအောက်တွင်ဆောင်ရွက်ခြင်းဖြစ်၍ ဘာမျှထိရောက်စွာမလုပ်နိုင်ဘဲ(မဆလ) ဩဇာခံတစ်ပြည်ထောင်စနစ်ဖြစ်သော ``တိုင်းနှင့်ပြည်နယ်ပေါင်းစု `` ပုံစံ၊ အမည်ခံပြည်ထောင်စုသာဖြစ်လာခဲ့သည်။ ရဲဘော်တိုကဲ့သို့လူမျိုးစုတစ်ခုစီ၏အရေးကိုမဆိုထားဘိ ရှမ်းပြည်နယ်တစ်ခုလုံး၏အရေးသည်ပင်ဘာမျှမရခဲ့ဘဲဆုံးရှုံးနစ်နာခဲ့ရပါသည်။ သင့်တော်သောလူမျိုးစုများအတွက် သီးခြားကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများထားရှိပေးရန်ထိုစဉ်က ကျွန်တော်အနေဖြင့်တင်ပြတောင်းဆိုခဲ့ဘူးသော်လည်း မအောင်မြင်ခဲ့ပါ။

ယခုတတိယအကြိမ်တွင်မှ ၄င်းကိစ္စအကောင်အထည်ပေါ်လာနိုင်ခဲ့ပါသည်။ သို့သော်ဝမ်းသာမစောစေလိုပါ။ အကြောင်းမှာ ဘယ်ဘက်အိတ်ထဲသို့ငွေတစ်ကျပ်ထည့်ပေးပြီး ညာဘက်အိတ်ထဲမှငွေငါးကျပ်အနှိုက်ခံရသော ဥပမာနှင့်တူ၍ဖြစ်ပါသည်။ တနည်းအားဖြင့်ဆိုပါလျှင် ရဲဘော်တို့အပါအဝင်ကျွန်တော်တို့ရှမ်းပြည်နယ်သည် ယခင်အချိန်များထက်အဆင့်အတန်းပို၍လျော့ကျသွားခြင်းကြောင့်ဖြစ်ပါသည်။ ရဲဘော်တို့ပအိုဝ်လူမျိုးစုများအတွက် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဖြစ်လာသော်လည်း၊ ရဲဘော်တို့မှီတင်းနေထိုင်ရာ ရှမ်းပြည်နယ်တစ်ခုလုံးသည်နိုင်ငံရေးအရအောက်သို့လျှောဆင်းသွားရသောကြောင့်ဖြစ်၏။

## (၂) <u>၁၉၄၇ နှင့် ၁၉၇၄ အခြေခံဥပဒေများ။</u>

၁၉၄၇ ခုနှစ်အခြေခံဥပဒေတွင်၊ ပင်လုံညီလာခံ၌အခြေခံအားဖြင့် သဘောတူညီခဲ့ကြသော မြန်မာပြည်မနှင့်ကျန်ပြည်နယ်များတန်းတူရည်တူပူးပေါင်းပါဝင်သည့် စစ်မှန်သောပြည်ထောင်စုပုံသဏ္ဍာန်ဖြစ်မလာဘဲ၊ ဗမာလူမျိုးကြီးကအထက်စီးမှနေရာယူထားသောမဟာဗမာပြည်ထောင်စုဖြစ်လာခဲ့၏။ ၁၉၇၄–ခုနှစ်တွင်မူ တိုင်းနှင့်ပြည်နယ်များကို တန်းတူထား၍ပူးပေါင်းသော ပြည်ထောင်စုအတုကိုသာရခဲ့ပြန်ပါသည်။ ယခုတကြိမ်တွင်ကား တိုင်းနှင့်ပြည်နယ်ပုံသဏ္ဍာန်အပြင်တပ်မတော်ဩဇာခံဘဝသို့ထာဝစဉ်ကျရောက်ရမည့်ပုံဖြစ်၍ပိုဆိုးလာပါသည်။ ထိုတန်ဘိုးလျှော့ကျနေသောရှမ်းပြည် နယ်ထဲတွင်ရဲဘော်တို့ပအိုဝ်အမျိုးသားများအတွက် သီးသန့်ဒေသတစ်ခုသတ်မှတ်ပေးလိုက်ခြင်းဖြစ်၏။ ဥပမာတနည်းအားဖြင့်ပြောရလျှင် ပြည်ထောင်စုရွာအတုကြီးထဲရှိ ရှမ်းပြည်နယ်အိမ်ကြီးထဲတွင် ရဲဘော်တို့အားသီးခြားအခန်းတစ်ခုပေးလိုက်သည်မှာမှန်ပါ၏။ သို့သော်ထိုရှမ်းပြည်နယ်အိမ်ကြီးမှာ တန်ဘိုးကျဆင်းသွားခဲ့ပြီဖြစ်ရာ၊ ရဲဘော်တို့ရရှိသောအခန်းသည်လည်းအလိုအလျောက်တန်ဘိုးကျသွားပြီးဖြစ်ပါမည်။

## (၃) <u>ရှမ်းလူမျိုးကြီးဝါဒပေါ် အမြင်။</u>

အလျဉ်းသင့်သဖြင့်ဤနေရာတွင်လူမျိုးကြီးဝါဒအကြောင်း အနည်းငယ်တင်ပြလိုပါသည်။ ရှမ်းအမျိုးသားများကမြန်မာများသည်၄င်းတို့အပေါ် လူမျိုးကြီးဝါဒကျင့်သုံးသည်ဟုထင်ကြ၏။ ရဲဘော်တို့ကဲ့သို့သော ရှမ်းပြည်တွင်းနေလူမျိုးစုများက ရှမ်းများသည်လူမျိုးကြီးဝါဒကျင့်သုံးသည်ဟုထင်ပြန်သည်။ တချိန်တခါကမှန်သင့်သလောက်မှန်နိုင်သော်လည်း ခေတ်ပြောင်းလာ၍အရင်ကလောက်မဆိုးတော့သည်ကိုအသိအမှတ်ပြုကြရန်လိုပါ၏။ သို့သော်ထိုအားနည်းချက်ကို အခွင့်ကောင်းယူပြီး အိမ်ကြက်ချင်းအိုးမဲအသုတ်ခံရသည့်အဖြစ်မျိုးမရောက်စေရန် အထူးသတိပြုအပ်လှပေသည်။ Divide and Rule သဘောကိုမမေ့စေလိုပါ။

ရဲဘော်ပအိုဝ်အမျိုးသားများကိုထောက်ပြခဲ့သည့်အတိုင်း ကျန်ရဲဘော်များဖြစ်ကြသောဓနုအမျိုးသားများ၊ ပလောင်အမျိုးသားများ၊ ကိုးကန့်အမျိုးသားများ၊ ဝ မျိုးသားများကိုလည်း ထိုအတိုင်းပင်ထောက်ပြလိုပါသည်။ လွန်ခဲ့သောနှစ်ပေါင်း (၁၀၀၀)ခန့်က ပုဂံပြည်တွင်အနော်ရထာမင်း မင်းပြုစဉ်အချိန်တွင် ရှမ်းကုန်းမြေမြင့်စော်ဘွားများအုပ်စိုးမှု

အောက်တွင် ရှမ်းလူမျိုးများနေထိုင်လျက်ရှိကြ၏။ ထိုစဉ်ကရှမ်းပြည်ဒေသတွင် စော်ဘွားနယ် (၁၀)ခုထက်မပိုပါ။ (၁၈၀၈) ခုနှစ်မြန်မာဘုရင်၏ပြန်တမ်းအရ ညောင်ရွှေစော်ဘွားပိုင်နယ်မြေသည် ``အရှေ့ကိုလားသောနမ့်ပွန်ချောင်းနှင့် မိုးနဲနယ်မြေအစပ်၊ တောင်ကိုလားသော်မိုးဗြဲနှင့်တောင်ငူနယ်အစပ်၊ အနောက်ကိုလားသော် ပေါင်းလောင်းချောင်းနှင့်လှိုင်းတက်၊ ရမည်းသင်းအထိ၊မြောက်ကိုလားသော်နမ္မတူချောင်းနှင့်သီပေါ၊ မိုးမိတ်နယ်စပ်အထိ`` ကျယ်ဝန်းပါသည်။

ထိုသို့ကျယ်ဝန်းသော်လည်းလူနေဦးရေမှာ ပြောပလောက်အောင်မရှိချေ။ မြေလွတ်မြေရိုင်းအများအပြားပင်ရှိ၏။ ထိုအချိန်တွင်သုဝဏ္ဏဘုမ္မိခေါ် သထုံမင်းနိုင်ငံ၌ မနူဟာမင်းအုပ်ချုပ်လျက်ရှိသည်။ ပုဂံပြည့်ရှင်အနော်ရထာမင်းသည် ပိဋကတ်သုံးပုံကိုအလိုရှိ၍ သထုံကိုဝင်တိုက်ပြီး မနူဟာမင်းကိုပါဖမ်းဆီးခေါ်ဆောင်သွား၏။ သထုံပြည်တွင်မွန်လူမျိုးများနှင့် ရောနှောနေထိုင်ကြသောပအိုဝ်လူမျိုးများသည်၊ အနော်ရထာ၏မြန်မာတပ်များနှိပ်စက်မှုဒဏ်ကိုမခံနိုင်သဖြင့် မိမိတို့အကြီးအကဲများဦးဆောင်၍ ထွက်ပြေးတိမ်းရှောင်လာပြီး၊ ညောင်ရွှေစော်ဘွားထံအခြေစိုက်နေထိုင်ခွင့်တောင်း၏။ ညောင်ရွှေစော်ဘွားက ယခုဆီဆိုင်ခေါ် အရပ်တွင်နေထိုင်ခွင့်ပြုသည်။ တဖြည်းဖြည်းနှင့်ပအိုဝ်လူမျိုးများတိုးပွါးလာသည်။ ညောင်ရွှေနယ်ရှိ အင်းလေးကန်အရှေ့အရပ်သို့လည်းကောင်း၊ ပင်လောင်းဒေသသို့လည်းကောင်း၊ မြောက်ဘက်နှင့်အနောက်ဘက်များသို့လည်းကောင်းရွှေ့ရှားအခြေစိုက်ခဲ့ကြရာ မိုင်းပွန်၊ ပင်လုံအရပ်ဒေသများအထိကျယ်ပြန့်သွားသည်။ ယခုခေတ်အခေါ်အားဖြင့်စစ်ပြေးဒုက္ခသည်များအဖြစ်ရောက်ရှိလာပြီး အခြေချနေထိုင်လာကြ၏။ တနည်းအားဖြင့်အိမ်ရှင်ရှမ်းများထံ ခွင့်ပန်ပြီး ပအိုဝ်အမျိုးသားများသည်ဧည့်သည်အဖြစ်နေထိုင်လာကြခြင်းသာဖြစ်၏။ ဓနုအမျိုးသားများသည်အလောင်းစည်သူမင်းတိုင်းခမ်းလှည့်လည်စဉ်ကလိုက်ပါလာကြသော ရခိုင်မျိုးသားလေးသည်တော်တပ်သားများဖြစ်သည်။ ရေ၊ မြေ၊ တောတောင်ကိုနှစ်သက်သဖြင့် မြန်မာပြည်မသို့လိုက်မပြန်တော့ဘဲနေရစ်ခဲ့ရာမှ ဓနုအမျိုးသားဖြစ်ပေါ်လာခဲ့သည်ဟုမှတ်သားရဘူးပါသည်။

အလားတူစွာပင် ပလောင်၊ ဝ နှင့်ကိုးကန့်အမျိုးသားတို့သည်လည်း မြောက်အရပ်မှနေ၍ရှမ်းပြည်နယ်အတွင်းသို့တစိမ့်စိမ့်ဝင်ရောက်လာကြပြီး အိမ်ရှင်ရှမ်းများ၏ဧည့်သည်အဖြစ်နေထိုင်လာကြခြင်းဖြစ်၏။ သို့သော်နှစ်ပရိစ္ဆေဒကြာမြင့်လာသောအခါ အိမ်သားများသဖွယ်အထိုင်ကျလာခဲ့သည်။ ရှမ်းပြည်နယ်သားများပင်ဖြစ်လာကြ၏။ သို့သော်သမိုင်းကြောင်းအရ ရှမ်းအမျိုးသားများသည်အိမ်ရှင်ဖြစ်၍၊ ကျန်အမျိုးသားများသည်နောက်မှရောက်လာသော ဧည့်သည်များသာဖြစ်သည်ဟူသော ဇာစ်မြစ်ကိုအသိအမှတ်ပြုကြရန်လိုပါမည်။ ရှမ်းအမျိုးသားများကနောက်မှဝင်ရောက်လာသောပအိုဝ်၊ ဓနု၊ ပလောင်၊ ဝ ၊ ကိုးကန့်အမျိုးသားတို့အပေါ် ရင်းနှီးစွာဆက်ဆံရန်လိုအပ်သကဲ့သို့ ကျန်အမျိုးသားများကလည်း အပြန်အလှန်အားဖြင့်ရှမ်းအမျိုးသားများအပေါ် လေးစားစွာဆက်ဆံသင့်ပါသည်။ သို့မဟုတ်ဘဲ ဘေးလူများခြေထိုးမြှောက်ပင့်ပေးခြင်း၊ အိမ်ကြက်ချင်းအိုးမဲသုတ်ပေးခြင်းတို့ကိုနားယောင်ပြီးကွဲကြလျှင် မိမိတို့အချင်းချင်းသာနစ်နာကြမည်ဖြစ်သည်။ ကိစ္စတစ်ခုပေါ်ပေါက်တိုင်း သမိုင်းအမြင်ဖြင့်ပြန်လည်သုံးသပ်သတိရကြပါက ပြဿနာအများသည်ပြေလည်သွားကြမည်ဖြစ်ပါသည်။ အတွင်းနံရံနှင့်အပြင်နံရံခွဲခြားသိရန်လိုအပ်လျက်ရှိပေပြီ။

(၄) (ရတဒဖ) နှင့် (ပအမဖ)တို့၏ဆက်ဆံမှုသမိုင်း။

(ရပလ) နှင့်(ပအိုဝ်လှိုင်ဗူ)အဖွဲ့တို့သည်ရဲဘက်မဟာမိတ်များဖြစ်ကြသကဲ့သို့(ရတဒဖ)နှင့်(ပအမဖ)တို့သည်လည်း မဟာမိတ်များပင်ဖြစ်ခဲ့ကြပါသည်။ (ရတဒဖ)၏နာယကလူကြီး ဦးကျော်စိန်၊ ဒုတိယဥက္ကဌခွန်ထွန်းအောင်၊ အမှုဆောင်ခွန်စိန်ဝင်းတို့သည်ပအိုဝ်အမျိုးသားများဖြစ်ပါသည်။ ထို့ပြင်ကျွန်တော်တို့၏ရှမ်းပြည်တိုင်းရင်းသားလူမျိုးစုများ ဒီမိုကရေစီအဖွဲ့ချုပ် (ရတဒဖ)သည်အမည်အားဖြင့်ပင် ရှမ်းအမျိုးသားတစ်မျိုးတည်းကိုကိုယ်စားပြုသည်မဟုတ်ဘဲ၊ ရှမ်းပြည်ရှိလူမျိုးစုများအားလုံးကို ကိုယ်စားပြုဖွဲ့စည်းထားသည်ကိုလည်း သတိပြုကြစေလိုပါသည်။ ထို့အပြင်လူမျိုးစုကိုကိုယ်စားပြုသောအခြားအဖွဲ့အစည်းများနှင့်မဟာမိတ်ဖွဲ့ပြီး `` ရှမ်းပြည်နယ်လူမျိုးပေါင်းစုံအဖွဲ့ချုပ် `` ကိုလည်း ဖွဲ့စည်းခဲ့သည်ကိုမှတ်မိကြပါလိမ့်မည်။ ထိုကြောင့်ဤကြေညာချက်ကိုလည်း တစ်အိမ်တည်းအတူနေညီအစ်ကိုများအဖြစ်လည်းကောင်း၊ ရဲဘော်ရဲဘက်အချင်းချင်းစိတ်ထားဖြင့်လည်းကောင်း ထုတ်ပြန်ခြင်းသာဖြစ်ကြောင်းဖေါ်ပြအပ်ပါသည်။

ကျွန်တော်တို့၏လေးနက်မှန်ကန်သောစေတနာအရင်းခံဖြင့် မေတ္တာရပ်ခံတင်ပြချက်များသည်အဟောသိကံတော့ဖြစ်မည်မထင်ပါ။ နဖူးပေါ်လက်တင်အပြန်အလှန်စဉ်းစား၍ <u>သင့်တော်သောတချိန်ချိန်တွင်</u> သင့်တော်သလိုခြေလှမ်းများပြင်နိုင်ကြလိမ့်မည်ထင်ပါသည်။ ပြင်နိုင်ကြလိမ့်မည်ဟုလည်း ရှမ်းပြည်နယ်လူထုတစ်ရပ်လုံးကိုယ်စား မျှော်လင့်တောင့်တနေပါကြောင်း အလေးအနက်ပြောကြားရင်းနိဂုံးချုပ်အပ်ပါသည်။

( ဂ ) ရှမ်းပြည်နယ်မှအလင်းဝင်ရဲဘော်များသို့ပန်ကြားချက်။

ရှမ်းပြည်နယ်မှအလင်းဝင်ရဲဘော်များသည်လည်း အထက်ပါလူမျိုးစုများကဲ့သို့သော ပြဿနာများပေါ်ပေါက်လျှက်ရှိမည်ဖြစ်ပါ၏။ တိုက်ပွဲဝင်မိမိတို့ရဲဘော်များ၏အရေးသည် ရှမ်းပြည်နယ်တစ်ခုလုံးရှိလူမျိုးစုများအားလုံးနှင့်လည်း ဆက်နွယ်လျက်ရှိပါသည်။ ရဲဘော်တို့ချွေးနှင့်သွေးကိုအရင်းတည်၍တိုက်ခဲ့ကြသည်မှာ ရှမ်းပြည်နယ်လူထု၏ အကျိုးအတွက်

ပင်ဖြစ်ရာ ရှေ့ဆက်၍မိမိတို့၏တပ်သားများနှင့်သက်ဆိုင်သော နိုင်ငံရေးပြဿနာကိုစဉ်းစားသည့်အခါတိုင်း၊ ရှမ်းပြည်နယ်လူထု၏မျက်နှာကိုထောက်ထားညှာတာနိုင်ကြလိမ့်မည်ဟု အားကိုးမျှော်လင့်လျက်ရှိပါသည်။

လေးစားစွာဖြင့်

ရန်ကုန်မြို့။
၁၆–၁၁–၀၇ ရက်၊
အမှတ်(၈)၊ ရှင်စောပုဘုရားလမ်း၊
စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်းများ–၅၁၀၅၄၁ / ၅၁၀၇၆၄။

( ရွှေ အုံး )
ဥက္ကဋ္ဌ(ဟောင်း)၊
ရှမ်းပြည်တိုင်းရင်းသားလူမျိုးစုများဒီမိုကရေစီအဖွဲ့ချုပ်(ဖျက်သိမ်းခံ)
သဘာပတိအဖွဲ့ဝင်(ဟောင်း)
ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဒီမိုကရေစီအဖွဲ့ချုပ်(ဖျက်သိမ်းခံ)

မိတ္တူကိုအောက်ပါအတိုင်းဖြန့်ဝေပေးပို့ပါသည်။
( ၁ ) ဥက္ကဋ္ဌ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၊ နေပြည်တော်။
( ၂ ) ပြည်ထဲရေးဝန်ကြီး၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအစိုးရ၊ နေပြည်တော်။
( ၃ ) ဒေါ်အောင်ဆန်းစုကြည်/ မှတဆင့်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၊ ရန်ကုန်မြို့။
( ၄ ) ဦးခွန်မောင်တုတ်၊ တွဲဖက်အတွင်းရေးမှူး၊ ပြည်ထောင်စုပအိုဝ်အမျိုးသားအဖွဲ့ချုပ်၊ တောင်ကြီးမြို့။
( ၅ ) ဦးအောင်ခမ်းထီ၊ ဥက္ကဋ္ဌ၊ ပအိုဝ်အမျိုးသားအဖွဲ့ချုပ်၊ တောင်ကြီးမြို့။
( ၆ ) ဓနု၊ ပလောင်၊ ကိုးကန့်၊ ဝ အမျိုးသားများအဖွဲ့များ။
( ၇ ) တပ်မှူးများ၊ ရှမ်းပြည်နယ်အလင်းဝင်အဖွဲ့အစည်းများ။
( ၈ ) အခြားနိုင်ငံရေးအဖွဲ့အစည်းများ။
( ၉ ) သတင်းဌာနများ။